# ပျဉ်စိန်ကျေးရွာ

# ဟင်္သာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၅-၂၀၂၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပျဉ်စိန်ကျေးရွာ၊ဟင်္သာတမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုး
တိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၁၂

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် ၁၂-၁၃

( ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု ၁၃-၁၄

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၁၄

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား ၁၄-၁၅

( ခ) သဘာဝအရင်းအမြစ်များ ၁၅

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၅

(က) လူဦးရေဆိုင်ရာအချက်အလက်များ ၁၅

( ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု ၁၆

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှုများ ၁၆

(ဃ) ကျန်းမာရေးနှင့်အာဟာရ ၁၆-၁၇

( င) ပညာရေးနှင့်ကျွမ်းကျင်မှုများ ၁၇

( စ) ကျားမဆိုင်ရာဆက်နွယ်မှု ၁၇

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၇

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် ၁၈

( ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ ၁၈

(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၈

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု ၁၉

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု ၁၉-၂၀

**(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၂၀**

(ဆ)လူငယ်နှင့်ယဉ်ကျေးမှု ၂၀

(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု- လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး ၂၀-၂၁

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး ၂၁

| | | |
|---|---|---|
| (၅) | ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ | ၂၁ |
| | (က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ | ၂၁-၂၂ |
| | (ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ၊ | ၂၃-၂၄ |
| (၆) | ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ | ၂၄-၂၆ |
| (၇) | ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ် ကျသောချိတ်ဆက်မှုများ | ၂၆-၂၈ |
| (၈) | ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ | ၂၈ |
| | (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် | ၂၉ |
| | ( ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း | ၂၉-၃၀ |
| | (ဂ) ဦးစားပေးစီမံချက်များ | ၃၀-၃၂ |
| | (ဃ)အကောင်အထည်ဖော်မည့်အချိန်ကာလ | ၃၃ |
| (၉) | ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် | ၃၃-၃၅ |
| (၁၀) | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ | ၃၅ |
| | (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ | ၃၅ |
| | ( ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ | ၃၆ |
| | (ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ | ၃၆ |
| | (ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအမံများ | ၃၇ |
| (၁၁) | စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း | ၃၇ |
| | (က)ကြီးကြပ်စစ်ဆေးခြင်း | ၃၈-၃၉ |
| | (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း | ၃၉ |
| | (ဂ) နည်းပညာဆိုင်ရာအကူအညီ | ၄၀ |
| နောက်ဆက်တွဲ(၁) | ကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၄၁-၄၃ |

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း ၄၄
နောက်ဆက်တွဲ(၃) စီမံကိန်းဇယားများ ၄၅
**ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ** ၄၅-၄၆
**ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား** ၄၆-၅၁
**ဇယား ၃ လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား** ၅၁-၅၂
**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု** ၅၂-၅၃
**ဇယား ၅ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ** ၅၃-၅၄
**ဇယား ၆ ဥစ္စာစနေအဆင့်အခြေအနေ** ၅၄-၅၅
**ဇယား ၇ ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ** ၅၅-၅၆
**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ** ၅၆
**ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေး အစီအမံများ** ၅၇-၅၉
**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ** ၅၉-၆၀
**ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ** ၆၁
**ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ** ၆၁-၆၂
**ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု** ၆၂-၆၃
**ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ** ၆၃-၆၅
**ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း** ၆၅
**ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု** ၆၆
**ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ** ၆၆-၆၈
**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ** ၆၈-၆၉
**ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ** ၆၉-၇
၀
**ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ** ၇၁-၇၂
**ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿ**နာနှင့် ၇၃-၇၅
**စိန်ခေါ်မှုများ**

| | | |
|---|---|---|
| ဇယား ၂၂ | စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၇၅-၇၆ |
| ဇယား ၂၃ | စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာ နှင့်အခက်အခဲများ | ၇၆-၇၇ |
| ဇယား ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ | ၇၈-၇၉ |
| ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း | ၇၉ |
| ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၈၀ |
| ဇယား ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၈၀-၈၁ |
| ဇယား ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၈၂-၈၄ |
| ဇယား ၂၉ | ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | ၈၄-၈၅ |
| ဇယား ၃၀ | မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက် မှုနှုန်း | ၈၅-၈၆ |
| ဇယား ၃၁ | ကျောင်းတတ်နှုန်း | ၈၆ |
| ဇယား ၃၂ | စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ | ၈၆-၈၇ |
| ဇယား ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၈၇-၈၈ |
| ဇယား ၃၄ | အဖြစ်များသောရောဂါများ | ၈၈ |
| ဇယား ၃၅ | လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၈၉ |
| ဇယား ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၈၉-၉၀ |
| ဇယား ၃၇ | သောက်သုံးရေရရှိမှု | ၉၁-၉၂ |
| ဇယား ၃၈ | အိမ်သာအမျိုးအစား | ၉၂ |
| ဇယား ၃၉ | ကျား/မရေးရာ | ၉၂-၉၃ |
| ဇယား ၄၀ | ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ | ၉၄-၉၅ |
| ဇယား ၄၁ | ကျေးရွာ၏တံတားတည်ရှိမှု | ၉၅-၉၆ |
| ဇယား ၄၂ | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၉၆-၉၇ |

**ဇယား၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ** ၉၇
**ဇယား၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေများ** ၉၇-၉၈
**ဇယား၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ** ၉၈
**ဇယား၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ** ၉၈-၉၉
**ဇယား၄၇ ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု ၉၉-၁၀၀**
**ဇယား၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ** ၁၀၁
ကိုးကားစာရင်း ၁၀၁

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်မှ ၂၀၂၉-၂၀၃၀ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ပျဉ်စိန်ကျေးရွာ၏ ကျေးရွာ သူ/ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါ သည်။

ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီ ဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာရာတွင် ကူညီပံ့ပိုး ပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီ အစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက် ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့်အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များ ကိုသာအား ပြုထားသော်လည်းနောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့်လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ရွေး ချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြု ချက်များနှင့်ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံး သပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။

ဒီဇင်ဘာလ ၂၀၂၅ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပျဥ်စိန်ကျေးရွာ

ဟသ်ာတမြို့နယ်

# လယ်တီကျေးရွာအုပ်စု၊ ပျဉ်စိန်ကျေးရွာ သယံဇာတပြမြေပုံ



## ပျဉ်စိန်ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ဟသာ်တမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကျဲ | ခာတ်မြေသြဇာကျွေး | ဆေးဖျန်း | ဆေးဖျန်း | စပါးရိတ်သိမ်း | မတ်ပဲစိုက် | မှိုသတ်ဆေးဖျန်း | နှမ်းစပါးစိုက် | ပဲနှုတ် | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | များ | များ | နည်း | များ | များ | နည်း | နည်း | များ | များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | နည်း | များ | နည်း | နည်း | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | မျှတ | ရှိ | နည်း | နည်း | မျှတ | ရှိ | ရှိ | နည်း | နည်း | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | များ | များ | နည်း | မရှိ | နည်း | နည်း | နည်း | များ | များ | နည်း |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

## ဟသ်ာတမြို့နယ်၊လယ်တီကျေးရွာအုပ်စု၊ ပျဉ်စိန်ကျေးရွာအဖွဲ့အစည်းပြမြေပုံ



## အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

### (၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

#### (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက် အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများ ရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသော အချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာ များ၊စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့ သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအားသိရှိလာခြင်းကြောင့်ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေး

စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲ ထားပါသည်။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်း လင်းစကားဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုလည်းအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံ ချက်များကို နှစ်အလိုက်ဦးစာပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်း အနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဟသ်ာတမြို့နယ်သည် မြန်မာနိုင်ငံ၏အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်တွင်တည်ရှိပါသည်။ ဟသ်ာတမြို့နယ်သည် မြောက်လတ္တီတွဒ် ၇ဒီဂရီ၁၅မိနစ်နှင့် ၇ ဂရီ ဝ မိနစ်ကြား၊ လောင်ဂျီတွဒ် ၅ဒီဂရီ၁၀မိနစ်နှင့် ၅ဒီဂရီ၃၅မိနစ်ကြားတွင် ည်ရှိပြီး ကျယ်အဝန်းမှာ (၃၇၈.၆၅)စတုရန်းမိုင်ကျယ်ဝန်းပါသည်။

ဟသ်ာတမြို့နယ်သည် အရှေ့ဘက်တွင်ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၊ အရှေ့တောင် ဘက်တွင်ဇလွန်မြို့နယ်၊ တောင်ဘက်တွင် ကျုံပျော်မြို့နှင့်ဓနုဖြူမြို့နယ်၊ အနောက်မြောက်ဘက်တွင် အင်္ဂပူမြို့နယ်တို့နှင့်နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပါသည်။

ဟသ်ာတမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့်မိုးရွာသွန်းမှုများသော ဒေသဖြစ်ပါသည်။ ဟသ်ာတမြို့နယ်သည်သမမျှတသော ရာသီဥတုရှိပြီးအမြင့်ဆုံးအပူချိန်(၄၂.၈ ဒီဂရီ C)ရှိပြီးအနိမ့်ဆုံး အ

ပူချိန်မှာ(၂၇ ဒီဂရီ C)ဖြစ်ပါသည်။တစ်နှစ်ပျှမ်းမျှမိုးရွာရက်(၁၀၈)ရက်ရှိပြီးပျှမ်းမျှမိုး ရေချိန်(၉၃.၉၇)လက်မ ဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသော လမှာဇူလိုင်လနှင့်ဩဂုတ်လများဖြစ်ပါသည်။

ပျဉ်စိန်ကျေးရွာသည် ပထဝီဝင်အနေအထားအရမြေပြန့်ဒေသဖြစ်ပါသည်။ လယ်တီကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ဟင်္သာတမြို့နယ်နှင့်(၈)မိုင်ခန့်ကွာဝေးပါသည်။ ပျဉ်စိန်ကျေးရွာသည် လယ်လုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး မွေးမြူရေးကိုတစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြပါသည်။စိုက်ပျိုးရေးလုပ်ငန်းများကို မိုးရာသီတွင် အဓိကထားလုပ်ကိုင်ကြပြီး ဆောင်းရာသီတွင် မတ်ပဲ၊ပဲတီစိမ်းတို့ကို စိုက်ပျိုးကြပါသည်။ ပင်လယ်ကမ်းခြေနှင့်ဝေးသောကြောင့် ဆားငန်ရေဝင်ရောက်မှုမရှိပါ။

### (ခ) သဘာဝအရင်းအမြစ်များ

ပျဉ်စိန်ကျေးရွာသည် ဓာတ်သတ္တုဆိုင်းရာသဘာဝအရင်းအမြစ်များထွက်ရှိမှုမရှိပါ။ သို့သော်လည်း ဆေးဖက်ဝင်အပင်များဖြစ်သည့် လယ်ယာမြေအများအပြားရှိကြပြီးဥယျာဉ်ခြံမြေနှင့် စားကျက်မြေများရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်။ တောင်သူအားလုံးမှာ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး တစ်နိုင်တစ်ပိုင်အဖြစ် မွေးမြူရေးကိုလည်း လုပ်ကိုင်ကြပါသည်။

## (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ပျဉ်စိန်ကျေးရွာတွင် အိမ်ထောင်စု(၇၅)စုရှိပြီး လူဦးရေစုစုပေါင်း(၃၀၁)ဦးရှိပါသည်။ ပျှမ်းမျှတစ် အိမ်ထောင်လျှင်(၂၄.၉၁)ဦးနှုန်းခန့်ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုး သားအဆင့်ပျှမ်းမျှ တစ်အိမ်ထောင်လျှင်(၄)ဦး နှုန်းထက်လျော့နည်းနေပါသည်။ အသက် (၁၅နှစ်မှ ၆၄နှစ်) အထိအလုပ်လုပ် နိုင်သောလူဦးရေမှာ (၇၃.၀၈%)ရှိပြီး (၁၅)နှစ်အောက် လူဦးရေနှင့် အသက် (၆၄)နှစ်အထက် လူဦးရေစုစုပေါင်း (၆%)ခန့်သည် မှီခိုသူများဖြစ်ကြပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာ ဖွံ့ဖြိုးတိုး တက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

## (ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာသူ/ကျေးရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှု နည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏(၄၀)မှာဆင်းရဲသား အိမ်ထောင်စုများဖြစ်ကြပါသည်။ အဆင်ပြေသောအိမ်ထောင်စုမှာ (၂၅)စုရှိပြီးလယ်(၁၀)ဧကအထက်ပိုင်ဆိုင်သူများဖြစ်ကြသည်။ အိမ်အနေအထားမှာလည်း တိုက်၊တိုက်ခံ၊သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်းဖြစ်ပြီး လယ်ယာသုံးကိရိယာ များပိုင်ဆိုင်ကြသည်။အလယ်အလတ်အိမ်ထောင်စုများမှာ (၁၀)စုရှိပြီး လယ်(၂.၅)ဧကမှ (၁၂.၅) ဧကကြား လုပ်ကိုင်သူများဖြစ်ကြပြီး သစ်အိမ်ပျဉ်ခင်း၊ထရံကာ၊သွပ်မိုးသည့် အိမ်အမျိုးအစားများ အဖြင့်နေထိုင်ကြပါသည်။ လယ်ယာသုံးကိရိယာများအနည်းငယ်နှင့် ကြက်၊ဝက်များကို မွေးမြူကြသော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ တစ်နှစ်ဝင်ငွေမှာ မများပြားသော်လည်းအကြွေးတင် ရှိမှုမှာအနည်းငယ်ရှိပါသည်။ ဆင်းရဲသောအိမ်ထောင်စုမှာ (၂၅)ရှိပြီး လယ်(၂၅)ဧကအောက်ပိုင် ဆိုင်ပြီး လယ်ယာသုံးကိရိယာပိုင်ဆိုင်မှုနည်းပြီး အိမ်အခြေအနေမှာပျဉ်ခင်း၊ထရံကာ၊သွပ်မိုးအိမ် များဖြစ်ကြသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ (၁၀)အိမ်ဖြစ်ပြီး မြေယာမပိုင် ဆိုင်သူများဖြစ်ကြပါသည်။ကျေးရွာအိမ်ထောင်စု၏ (၄.၄)ရာခိုင်နှုန်းဖြစ်ပြီး ကျပန်းလုပ်ကိုင်ကြသူ များဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

ပျဉ်စိန်ကျေးရွာတွင် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု(၁၀)စုရှိသည့်အနက် (၁၀)ရာခိုင်နှုန်းမှာ (၃)လအောက်ချေးငှားခြင်းမပြုဘဲထမင်းပုံမှန်/ နပ်မှန်အောင်စားသောက်နိုင်ပြီး၊ (၈)ရာခိုင်နှုန်းမှာ(၃-၆)လအထိဝမ်းစာဖူလုံမှုရှိ၍ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။၄င်းတို့သည် လုပ်အားခကြိုယူခြင်း၊ငွေတိုးချေးစားသူများထံမှ ချေးယူခြင်းအပြင် အခြားဒေသသို့သွားရောက်လုပ်ကိုင်သော မိသားစုဝင်များထံမှပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရေး ဖြေရှင်းနေကြရပါသည်။ ငွေကြေးအရင်းအနှီးမဖူလုံသောဆင်းရဲသော တောင်သူများအဖို့ ထိခိုက် မှုများရှိနိုင်ပါသည်။

## (ဃ)ကျန်းမာရေးနှင့်အာဟာရ

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက(၈)မိုင်အတွင်း ကွာဝေးသော ကျေးလက်ဆေးပေးဟသ်ာတပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကြပါသည်။ကျေးရွာတွင် အဝီစိတွင်း (၃၅)တွင်း ရှိပြီး

သောက်သုံးရေအတွက် လုံလောက်မှုရှိပါသည်။ သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင်သာ မန်မျှသာဖြစ်ကြောင်းတွေ့ရပါသည်။ အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာတွင်ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအာဟာရပြည့်ဝမှုရှိကြပါသည်။ ကလေးငယ်အများစု လည်း ကျန်းမာကြပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ပျဉ်စိန်ကျေးရွာတွင် ကျောင်းသူ/ကျောင်းသားများသည် အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရပါသည်။ ပျဉ်စိန်ကျေးရွာတွင် ဘွဲ့ရသူဦးရေအသင့်အတင့်ရှိပါသည်။ လယ်သမားများ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ပဲတို့ပဲဖြစ်ပြီး မိုးရာသီနှင့်နွေရာသီများတွင် စိုက်ပျိုးကြသည်။ ဝက်၊မြင်း၊ဒေသကြက်မွေးမြူခြင်းစသည့်တို့ကို တစ်နိုင်တစ်ပိုင်မွေးမြူကြသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ပျဉ်စိန်ကျေးရွာတွင်အလုပ်လုပ်နိုင်သော အမျိုးသားလူဦးရေနှင့် အမျိုးသမီးလူဦးရေညီမျှ မှုရှိပါသည်။ အမျိုးသားတစ်ဦးလျှင် တစ်နေ့လုပ်အားခ(၁၅၀၀၀)ကျပ်ရရှိပြီး အမျိုးသမီးတစ်ဦး လျှင် တစ်နေ့လုပ်အားခ(၁၀၀၀၀)ကျပ်မှ (၈၀၀၀)ကျပ်အထိရရှိပါသည်။ ကျေးရွာအိမ်ထောင်စု ပေါင်း(၆၀)စုရှိပြီး စာတတ်မြောက်မှုတွင်လည်းပညာရေးအဆင့်အလိုက်တွင် အမျိုးသား၊ အမျိုး သမီးဦးရေမှာမျှတမှုရှိပါသည်။ ကျေးရွာအတွင်းရှိဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ တွင် အမျိုးသမီးရေးရာအဖွဲ့တို့တွင် အမျိုးသမီးများသာလျှင်ဦးဆောင်ပါဝင်ပါသည်။ သို့သော်လည်း ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆုံးဖြတ်ပိုင်ခွင့်များတွင် မူအမျိုးသမီးများ၏အခန်းကဏ္ဍမှာ အနည်းငယ်အားနည်းနေဆဲဖြစ်ပါသည်။

**(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့ အစည်းများ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရပ်မိရပ်ဖနှင့် ဂေါပကအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့်အရန်မီးသတ်အဖွဲ့တို့သည် ကျေးရွာ၏သာရေး၊နာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေး အဖွဲ့နှင့်ပူးပေါင်းကာဆောင်ရွက်နေကြပါသည်။ ယခုအခါတွင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ဦးဆောင်ပြီးကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုကျေးရွာသူ/သားများ ကိုယ်တိုင်ပူး ပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင် သောဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာရှိလယ်သမားများသည် အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့်ပဲများဖြစ်ပြီး မိုးရာသီ အကုန်ပွင့်လင်းရာသီတွင် စိုက်ဧက(၁၂၅)ဧက စိုက်ပျိုးကြပါသည်။ဥယျာဉ်ခြံမြေ(၈)ဧကရှိပါသည်။ စိုက်ခင်းအားလုံးကို အစေ့ချစနစ်ဖြင့်စိုက်ပျိုးကြပါသည်။ မြန်မာ့လယ်စိုက်ပျိုးရေးဘဏ်မှ ပံ့ပိုးသောချေးငွေမှာမြေပြင်ပြင်ဆင်စရိတ်နှင့်စိုက်ပျိုးစရိတ်အထိ အထောက်အကူပြုပါသည်။ သို့သော်ဓာတ်မြေဩဇာအစာဖိုးနှင့်ရိတ်သိမ်းခြွေသည့်စရိတ်တို့အတွက် ပြင်ပလုပ်ငန်းရှင်များနှင့်ဓာတ်မြေဩဇာအရောင်းဆိုင်များမှအတိုးနှုန်း(၃)ကျပ်နှုန်းဖြင့်ချေးယူရပါသည်။ ပျဉ်စိန်ကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးအနည်းငယ်လုပ်ကိုင်ကြပါသည်။ ဝက်၊ဒေသကြက်များကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ ကျေးရွာ၏မွေးမြူရေးလုပ်ငန်းတိုးတက်ရန်အတွက် နည်းပညာနှင့်ရောဂါကာကွယ်ထိန်းချုပ်ရန် လိုအပ်ပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ပျဉ်စိန်ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူနည်းပါးပါသည်။ဈေးဆိုင်အရောင်းအဝယ်လုပ်ကိုင်သူ၊ ပန်းရံလုပ်သားနှင့်လက်သမား လုပ်ခြင်းအစရှိသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ရွှေ့ပြောင်းလုပ်သားအနည်းငယ်နှင့် အစိုးရဌာနများတွင်ဝင်ရောက်အမှုထမ်းနေသော ဝန်ထမ်းများလည်းရှိပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်သော ကျေးရွာဖြစ်ပါသည်။ သို့သော် စိုက်ပျိုးရေးဆိုင်ရာဗဟုသုတလေ့လာမှုအားနည်းမှုများကြောင့် စပါးစိုက်ခင်းနှင့်ပဲစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့်ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားလာသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ပျဉ်စိန်ကျေးရွာသည် မုန်တိုင်းဘေးအန္တရာယ်မှာနည်းပါးသည်။ အားပျော့သောမုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ မုန်တိုင်းဒဏ်ကြောင့်အိမ်များပြိုခြင်း၊ အမိုးလန်ခြင်းများအတွက် နိုင်ငံတော်မှထောက်ပံ့သည့်ငွေကြေး(၃၀၀၀၀)၊ (၅၀၀၀၀)ကျပ်စသည်ဖြင့် အပျက်အစီးပေါ်မူတည်ရရှိပါသည်။ ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့၊မည့်သည့်ဌာနမှ သင်တန်းပေးခြင်း၊ကြိုတင်စီမံပေးခြင်းမရှိပါ။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အတွက်လက်ကိုင်ဖုန်း၊ရေဒီယို၊တီဗွီတို့မှသိရှိရပါသည်။ ဒေသလုံခြုံရေးအားတိုက်နယ်ရဲစခန်းမှ တာဝန်ယူဆောင်ရွက်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ငွေချေးရန်အရင်းအမြစ်များမှာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်သမဝါယဦးစီးဌာနတို့ဖြစ်ပါသည်။ မြန်မာ့လယ်ယာရေးဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာထုတ်ချေးပြီး တစ်ဧကလျှင်(၁၅၀၀၀၀) ကျပ်နှုန်းထုတ်ချေးပေးပါသည်။ အများဆုံးထုတ်ချေးပေးငွေမှာ(၁၀)ဧကအတွက်(၁၅)သိန်းဖြစ်သည်။ အတိုးနှုန်းမှာ(၀.၄၂)ကျပ် နှုန်းဖြစ်ပြီးလတိုးဖြစ်သည်။ ထုတ်ချေးသည့်ကာလမှာ (၇)လဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သောချေးငွေပမာဏအား နှစ်ရှည်အနည်းဆုံး(၃)နှစ်ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုး ရှိစွာအသုံးချနိုင်မည်ဖြစ်သည်။ အနီးကပ်ငွေကြေးဝန်ဆောင်မှုအနေဖြင့် ကျေးရွာတွင် အကောင် အထည်ဖော်ဆောင်ရွက်နေပါသည်။ စိုက်ပျိုးရေးချေးငွေနှင့်ကျပန်းများ အားချေးသည့်ရိုးရိုးချေးငွေဟူ၍(၂)မျိုးရှိပါသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင် (၄၀၀၀၀၀)ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေ

မှာ (၁၀၀၀၀၀၀)ကျပ်ဖြစ်သည်။စိုက်ပျိုးရေးချေးငွေရရှိရန်ပုံစံ(၇)လိုအပ်သည်။သို့ရာတွင် ကျပန်းမိသား စုများအနေဖြင့် ငွေချေးရန်အခက်အခဲရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော်ပြန်လည်ပေးဆပ် သည့် ပုံစံမှ(၆)လတစ်ကြိမ် ပြန်လည်ပေးဆပ်ရခြင်း ၊ပုံမှန်ဝင်ငွေရလုပ် ငန်းများမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာရပ်များမရှိခြင်းတို့ကြောင့်ဖြစ်သည်။

(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ပျဉ်စိန်ကျေးရွာတွင်အခြေခံပညာမူလတန်းကျောင်းမရှိပါသဖြင့် အနီးဆုံး (၁/၁)မိုင်အကွာရှိ ပျဉ်စိန်မူလတန်းကျောင်းတွင် တက်ရောက်ရပါသည်။ ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက (၈) မိုင်ကွာဝေးသော ဟသ်ာတပြည်သူ့ဆေးရုံသို့သွားရောက်ပြသကြပါသည်။ အသေးစားကျန်းမာရေး ဆိုင်ရာဆေးဝါးနှင့်အကြီးစားကျန်းမာရေးအတွက် ဟသ်ာတမြို့ပြည်သူ့ဆေးရုံကြီးသို့ သွားရောက် ကုသရပါသည်။အရေးပေါ်ကိစ္စရပ်များတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတစ်ခုထားရှိရန်နှင့် ကျန်းမာရေးဝန်ထမ်းတစ်ဦးရှိခြင်းဖြင့် ကျေးရွာအတွက်ပါကောင်းမွန်သော အကျိုးသက်ရောက်မှုရှိ လာပါသည်။

ပျဉ်စိန်ကျေးရွာတွင် အဝီစိတွင်း(၃၅)လုံးရှိပြီး သောက်ရေအတွက် လုံလောက်မှုရှိပါသည်။ ရေ အရည်အသွေးမှာလည်းအသင့်အတင့်ရှိပါသည်။ ယင်လုံအိမ်သာကို အိမ်လုံးစေ့သုံးစွဲလျက်ရှိသော ကြောင့် ကျန်းမာရေးနှင့်ညီညွတ်ပါသည်။ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ပေး ခြင်းဖြင့် ပြည်သူများကျန်းမာရေးအသိပညာပေးဖြစ်ကြောင်းသုံးသပ်ဆွေးနွေးပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များမှာ ကျေးရွာ၏သာရေး၊နာရေး၊ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာ၌စာကြည့်တိုက်တစ်ခုလိုအပ်ပါသည်။ လူငယ်များမှာကျေးရွာ၏ သာရေး၊နာရေး၊ ဘာသာရေး များတွင် အားတက်သရောပါဝင်လုပ်ဆောင်သော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုအားနည်း နေပါသည်။ ကျေးရွာမှာလူကြီးများ၏လက်တွဲခေါ်ယူမှုမှာလည်း လိုအပ်နေပါသည်။

**(ဇ)အခြေခံအဆောက်အဦများလက်လှမ်းမီမှုလမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ပျဉ်စိန်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းတစ်ခုကိုသာအသုံးပြုပါသည်။ တစ်နှစ်ပတ်လုံးကုန်းလမ်းကိုသာအသုံးပြုပြီး အသုံးပြုသောယာဉ်များစက်ဘီးများ၊ မော်တော် ဆိုင်ကယ်များထော်လာဂျီများကားများကိုသာ အသုံးပြုကြပါသည်။

ကျေးရွာတွင် မီးအလင်းရောင်အတွက် ဆိုလာမီးနှင့်ဘက်ထရီမီးတို့ကို အသုံးပြုကြပါသည်။။ ကျေးရွာတွင် Oredoo၊ MPT၊Telenor၊ Mytelဆက်သွယ်ရေးဖုန်းလိုင်းများကို ဆက်သွယ်အသုံးပြုနိုင် ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ပျဉ်စိန်ကျေးရွာသည် မိသားစုရွာကဲ့သို့ပင်စည်းစည်းလုံးလုံးနေထိုင်ကြသဖြင့် ပြဿနာကြီးကြီးမားမားဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်များ၏ဆုံးမမှု၊လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေး ချမ်းသာယာစွာနေထိုင်ကြပါသည်။ခိုးမှုသည်ကျေးရွာတွင်သာမန်မျှသာဖြစ်ပွားပြီး အခြားအမှုများမရှိပါ။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ**

**(၁) စိုက်ပျိုးရေး**

ပျဉ်စိန်ကျေးရွာအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် အခြေနေကောင်းများမှာ သဘာဝရေမြေ၊ ရာသီဥတုအနေအထားနှင့် လယ်ယာမြေများအား အသင့်အတင့် အသုံးချနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် အသင့်အတင့်လုံလောက်ခြင်း၊ ချေးငွေရရှိနိုင်ခြင်း၊ သီးနှံမျိုးစေ့များဝယ်ယူ၍ရနိုင်ခြင်း၊သဘာဝမြေသြဇာနှင့်သွင်းအားစုများရရှိနိုင်ခြင်း၊ ဓာတုပိုးသတ်ဆေးများ၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ ဝယ်ယူရရှိနိုင် ခြင်း၊ လုပ်ငန်းအသင့်အတင့်ရရှိနိုင်ခြင်း၊ နည်းပညာအုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ ရရှိနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများအားရောင်းချရန်ဈေးကွက်ရှိခြင်း၊ စိုက်ပျိုးရေးသုံးကိရိယာများ အား အသင့်အတင့်ပိုင်ဆိုင်ထားခြင်းတို့ဖြစ်ပါသည်။

**(၂) မွေးမြူရေး**

ပျဉ်စိန်ကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခြေနေကောင်းများမှာ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ဝယ်ယူရရှိနိုင်ခြင်း ချေးငွေများရရှိနိုင်ခြင်း၊မွေးမြူသော တိရစ္ဆာန်များအတွက်လိုအပ်သော သွင်းအားစုများကိုဝယ်ယူရရှိနိုင်ခြင်း၊ နည်းပညာနှင့်ဝန်ဆောင်မှုများပံ့ပိုးကူညီမှုရရှိနိုင်ခြင်း၊ မွေးမြူထားသောထုတ်ကုန်များရောင်းချရန် ဈေး ကွက်ရှိခြင်းတို့ဖြစ်ပါသည်။

**(၃) ပညာရေး**

ပျဉ်စိန်ကျေးရွာအနေဖြင့် ပညာရေးအခက်အခဲမှာ မိမိတို့ကျေးရွာတွင် စာသင်ကျောင်း မရှိသည့်အတွက် ပညာသင်ကြားရာတွင် စိတ်ပါဝင်စားမှုနည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ စာသင်ကျောင်းသုံးပရိဘောဂများလုံလောက်မှုမရှိခြင်း၊ မူလတန်း ကျောင်းထွက်နှုန်းမှာ အနည်းငယ်ရှိပြီး အဆိုပါကျောင်းသားများ၏ မိသားစုများမှာ ဆင်းရဲ ၍ကျောင်းစရိတ်မတတ်နိုင်ခြင်းကျောင်းဝန်းအတွက်အားကစားမရှိခြင်းတို့ဖြစ်ပါသည်။

**(၄)ကျန်းမာရေး**

ပျဉ်စိန်ကျေးရွာအနေဖြင့် ကျန်းမာရေးအတွက်အခြေနေကောင်း များမှာမိမိတို့ ကျေးရွာသည် ဟသ်ာတပြည်သူ့ဆေးရုံနှင့်(၅)မိုင်အတွင်းကွာဝေးခြင်း၊ ဆေးရုံအတွက် လိုအပ်သောခုတင်၊ အခန်းများအသင့်အတင့်ရှိခြင်းတို့ဖြစ်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ ဦးရေစုစုပေါင်း(၁၁၈)ဦးဖြစ်ပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရလူဦးရေ အသင့်အတင့်ရှိသောကြောင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်း အားအရင်းအမြစ်များရှိပါသည်။ လူကြီး၊ လူငယ်လက်တွဲပြီးကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများ လည်းအနာဂတ်ကာလအတွက် အားရဖွယ် ပင်ဖြစ်ပါသည်။

ပျဉ်စိန်ကျေးရွာတွင် မိုးစပါးနှင့်မတ်ပဲကိုစိုက်ပျိုးထုတ်လုပ်နိုင်သည့်ရောင်းချချိန်တွင် မိုးစပါးဈေးနှုန်းမကောင်း၍ လုပ်အားခပြန်ရရုံသာရှိပါသည်။ လယ်သမားမိသားစုများ နှင့် ကျပန်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ၊ စပါးအခြေခံရောင်းဝယ်မှု၊မတ်ပဲရောင်းဝယ်မှု ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်များတွင် ရောင်းဝယ်ဖောက်ကား

သူ စသည်ဖြင့်စပါးထုတ်လုပ်မှုနှင့် မတ်ပဲထုတ်လုပ်မှုမှာ ကျေးရွာသူ/သားများအတွက် ဝ မ်းရေး ဝင်ငွေနှင့် စားနပ်ရိက္ခာကို အသင့်အတင့်ဖူလုံစေသည်ဟု မှန်းဆရပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် အိမ်ထောင်စုအများစုမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှထုတ်ချေးသော ချေးငွေများကိုထုတ်ယူနိုင်ရေး၊ အနီးကပ်ချေးငွေစသည်ဖြင့် ချေးငွေ များကို လက်လှမ်းမှီသည့်အတွက် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် သင့်တင့် သော ရင်းနှီးငွေပမာဏအားရရှိနိုင်ပါသည်။

## (ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

ပျဉ်စိန်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေး ကဏ္ဍမှ လွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့်လုပ်ဆောင်ချက်များတွင် အားနည်းမှုများ ရှိပါသည်။

### (၁)စိုက်ပျိုးရေး

ပျဉ်စိန်ကျေးရွာရှိ စပါးခင်းများအချိန်မီရိတ်သိမ်းနိုင်ရန်အတွက် ရိတ်သိမ်းခြွေလှေ့စ က် များငှားရမ်းအသုံးပြုလိုသော်လည်း လယ်ကွက်များ၏ အကျယ်အဝန်းမှာ အသင့်အတ င့် ရှိသောကြောင့် စက်ရွှေ့ရာတွင် အချိန်ကြန့်ကြာမှုရှိခြင်းတို့ကြောင့် ကျေးရွာနှင့်သင့် တော် မည့်စက်အား ငှားရမ်းရန်ခက်ခဲနိုင်ပါသည်။

စပါးအထွက်တိုးနည်းပညာများနှင့်လိုအပ်သော သွင်းအားစုများကို အချိန်မီထည့်သွ င်း နိုင်မှုမရှိတို့ကြောင့် ရလာဒ်ကိုအထင်အရှားမမြင်ရနိုင်၍ နည်းပညာပြန့်ပွားကျင့်သုံးမှု၌ တောင်သူအားလုံးအကျိုးအမြတ်ဖြစ်ထွန်းနိုင်ရန် များစွာအချိန်ယူရအုံးမည်ဖြစ်သည့် ပဲမျိုး ကောင်းများပိုမိုဖြစ်ထွန်းလာနိုင်အောင် ဆောင်ရွက်နိုင်သည့်အတွက် တောင်သူများ၊ လ က် လုပ်လက်စားသမားများအနေဖြင့် မိသားစုဝင်ငွေတိုးကာ အလုပ်အကိုင်အခွင့်အလမ်း များ ပိုမိုကောင်းမွန်လာနိုင်ပါသည်။

### (၂) မွေးမြူရေး

ပျဉ်စိန်ကျေးရွာအနေဖြင့် မွေးမြူရေးအတွက်အခက်အခဲများမှာ မွေးမြူရေးလုပ်ငန်း လု ပ်ကိုင်ရန်လိုအပ်သည့်ချေးငွေလုံလောက်မှုမရှိခြင်း၊ သွင်းအားစုများဝယ်ယူရာတွင် ဈေးနှုန်း

ကြီးမြင့်ခြင်းတို့ကြောင့်မွေးမြူထားသော ထုတ်ကုန်များကိုရောင်းချရာတွင် ဈေးကောင်းမရ ရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။

**(၃) ပညာရေး**

ပညာရေးအတွက်အခက်အခဲမှာ မိမိတို့ကျေးရွာတွင် စာသင်ကျောင်းမရှိသည့်အတွက် ပညာသင်ကြားရာတွင် စိတ်ပါဝင်စားမှုနည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ စာသင်ကျောင်းသုံး ပရိဘောဂများလုံလောက်မှုမရှိခြင်း၊ မူလတန်းကျောင်းထွက်နှုန်းမှာ အနည်းငယ်ရှိပြီး အဆိုပါကျောင်းသားများ၏ မိသားစုများမှာဆင်းရဲ၍ ကျောင်းစရိတ်မတက်နိုင်ခြင်း၊ ကျောင်းဝန်းအတွက် အားကစားကွင်းမရှိခြင်းတို့ဖြစ်ပါသည်။

**(၄) ကျန်းမာရေး**

ပျဉ်စိန်ကျေးရွာအနေဖြင့် ကျန်းမာရေးအတွက် ကျေးလက်ဆေးပေးခန်းသို့ သွားရောက်ကုသရပြီး ကျေးရွာမှ(၈)မိုင်ခန့်ကွာဝေးသော ဟသ်ာတပြည်သူ့ ဆေးရုံသို့သွားရောက် ကုသ ကြရပါသည်။

စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကြောင်းပညာတက်မြောက်မှုအားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများအတွက် နီးစပ်ရာကျေးရွာများကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာ များမသိရှိကြခြင်း ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့် အခြေအနေလိုအပ်သလောက် ချေးငွေ ရရှိရန်အကန့်အသတ်များရှိခြင်းစသည့်တို့ကလည်းလိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။

ပျဉ်စိန်ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်အနီးကပ်စသည်တို့မှ ချေးငွေများရရှိသော်လည်း တင်းကြပ်သော ချေးငွေစည်းမျဉ်း၊ စည်းကမ်းများနှင့် ချေးငွေကာလ တိုတောင်းခြင်းများသည်တောင်သူများအတွက်အကျိုးအမြတ်ဖြစ်ထွန်းရန် အဟန့်အတားများ ဖြစ်နေဆဲဖြစ်ပါသည်။

ကျေးရွာ၏ဓလေ့မှာ လူကြီးများခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြ သည်။ လူငယ်များအနေဖြင့် အင်တာနက်မှ တစ်ဆင့်သတင်းအချက်အလက်များကို ရယူနိုင် သော်လည်း

ကျေးရွာဖွံ့ဖြိုးရေးနှင့်ဆက်စပ်သော မိမိတို့၏အတွေ့အကြုံများကို ပြန်လည် အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးရေး သဘောတရားများကို သဘောပေါက် နားလည် မှုအားနည်းကြသည်မှာ အနာဂတ်ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများဖြစ်ပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်မဟာဗျူဟာ

ကျွန်ုပ်တို့ပျဉ်စိန်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းဖြင့်အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့်ပန်းတိုင် ရောက်ရှိရေး အကောင်အထည်ဖော် မည့်နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

### (က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင် ပညာရေးကို အလေးထားပြီးကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုး တက်စေမည့်ရည်မှန်းချက်များကိုလည်း (၂၀၂၄ခုနှစ်မှ၂၀၂၈ခုနှစ်)အတွင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ပါ အတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ရွာလူထုသည်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်နှင့်ကျေးရွာ မီးလင်းရေး ဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

(၂) ရွာလူထုသည်စိုက်ပျိုးရေးဖြင့် ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်းအား တိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့်ဝင်ငွေတိုးတက်စေရမည်။

(၃) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာစေပြီးစီးပွားရှာဖွေနိုင်စွမ်းနှင့်ဝင်ငွေတိုးမြင့်လာစေရမည်။

### (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေးနည်းဗျူဟာများကျင့်သုံး၍ စနစ်တကျဆောင်ရွက် ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟုယုံကြည်ပါသည်။

(၁) ကျေးရွာတွင်းလမ်းများနှင့်ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊အကူအညီပေးမည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ကျေးရွာလူထုလုပ်အားပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။ ထို့ပြင်ကျေးရွာတွင်း ကုန်စည် စီးဆင်းမှုအဆင်ပြေစေရန်အတွက် ကုန်ထုတ်လမ်းများကို သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်သွားပါမည်။

(၂) ကျေးရွာရှိမိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့်အရည်အသွေးကောင်းပြီး ဈေးကွက် အတွင်း လူကြိုက်များသောသီးနှံမျိုးများကိုသာ ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန်နှင့်စိုက်ပျိုး ရေးနည်းပညာများ၊ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့ နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ပါသည်။

(၃) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန်ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ အတွက်ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက် ထိုးဖောက်မည့်အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသ ထွက်ကုန်များဈေးနှုန်းပိုမိုရရှိရန်ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သောနည်းပညာများရရှိ ရန်နှင့် ချေးငွေလက်လှမ်းမီမှုရရှိရန်လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ်ရှိသော်လည်းစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးရွာတွင်း အသေးစားလုပ်ငန်း များအတွက် လုံလောက်မှုမရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့်အဖွဲ့အစည်း များ နှင့်ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးထွက်ကုန်များနှင့် အသေး စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေပါမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ် ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက် များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်ထိုမှ တဆင့်ကျွန်ုပ်တို့ကျေးရွာ အဆင့်ထိပံ့ပိုးမှု ပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့်ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိ မည်ဟု မျှော်လင့်ပါသည်။

## (ခ)ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

ပျဉ်စိန်ကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင်စိုက်ပျိုးရေး၊ မွေးမြူရေးအခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုက လည်းအဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာဦးစားပေးဆောင်ရွက်ပေး နေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူတောင်သူများအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့်ချိတ်ဆက်လုပ် ဆောင်လိုကြသည်။ ကျေးရွာသူ/သားများလိုအပ်သောချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များကို လျှော့ချပြီးဒေသလိုအပ်ချက်နှင့်အညီပြောင်းလဲသင့်ပါသည်။

## (ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာနှင့်ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ပျဉ်စိန်ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ် သူများ၏ ဈေးကွက်ဆိုင်ရာသဘော သဘာဝသိရှိမှုအားနည်းခြင်းနှင့်အရည်အသွေးကောင်းမွန် သောထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ ဟသ်ာတမြို့နှင့်(၁ဂ)မိုင်ခန့်သာကွာဝေးလှသော်လည်း ရာသီမရွေးသွားလာနိုင်ခြင်း၊ သယ်ယူပို့ ဆောင်ရေးယာဉ်များရှိခြင်းစသည့် အားသာချက်ကိုအမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော် သော ဈေးနှုန်းဖြင့်ရောင်းချရန် ဈေးကွက်သဘောတရားများကို နားလည်အောင်ရှင်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ ဦးစီးဌာနများ၊ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများ၏ ပူး ပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါလှပါသည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာပေး သင်တန်းများစီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဖန်တီး ပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန်လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုး တက်လာဖွယ်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများစသည်တို့အတွက်လိုအပ်သော ကျွမ်းကျင်မှုများ အလိုက်စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့်ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာန များ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များ ဖြင့်ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာတိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာရောင်းချမည့် အစားအရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိလူသားအရင်းအမြစ် သုံးစွဲမှုကိုထိရောက်စွာ အသုံးချနိုင်ရုံ သာမကဒေသတွင်း တစ်နိုင်တစ်ပိုင်အသေးစား လုပ်ငန်းများတိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုမြင့်မားလာခြင်း၊ အခြားဒေသများတွင်ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများတိုးတက်လာစေပြီး မိသားစုများပေါင်း စည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့် ဒေသအတွင်းစားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့နည်းစေရေးကိုအထောက်အကူပြုနိုင်ပေမည်။

### (၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည်ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်ပါ၍ ကျေးရွာလူထုသည်စီမံချက်များကိုအကောင်အထည်ဖော်မှု(၂-၃)နှစ်ကျော်လာချိန်တွင် စီမံကိန်း (၅)နှစ်တာကာလအတွင် ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါ မည်။ဆိုးရွားသော သဘာဝဘေးအန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင် (၅)နှစ်တာဖွံ့ဖြိုးရေးနည်း ဗျူဟာသည်အနည်းနှင့်အများပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်း(၅)နှစ်တာအတွင်း ထပ် တိုးစီမံကိန်းများရှိလာနိုင်ပါသည်။

ထိုကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှစ် ငွေကြေးစီမံမှု ဆိုင်ရာရွေးချယ်ခြင်း၊အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေ ရန်ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ကျွန်ုပ်တို့(၅)နှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့်စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ် မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။Functio-nalclassificationသည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက် ဆိုင်သောစီမံချက်များကိုသိရှိနားလည်ရန်အထောက်အကူပြုပါသည်။(Economic classification) သည် စီမံချက်များ၏အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း(Functional classification)**

ဆောင်ရွက်မည့်စီမံချက်ဘတ်ဂျက်သည်(က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ-စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့် သက်ဆိုင်သည်စသည်ဖြင့်ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) **ရင်းနှီးမြုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း (Economicclassification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည်မည်သည့်ရင်းနှီးမြုပ်နှံမှုဖြစ်သည်ကိုဖော်ပြခြင်းဖြစ်ပါသည်။

- သာမန်အသုံးစရိတ်(Current Expenditure) ဥပမာ-လစာ၊နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ငှားရမ်းခစသည်များ
- ငွေလုံးငွေရင်းအသုံးစရိတ်(CapitalExpenditure)ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများနှင့်ပုံသေဝယ်ယူ၍ရသောရင်းနှီးမြုပ်နှံမှုများ
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Buliding Expenditure) ဥပမာ-ဆွေးနွေးပွဲ၊သင်တန်းစသည့်အသုံးစရိတ်
- လူသားချင်းစာနာမှုအထောက်အပံ့(Humaniltarian support )

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ၊ကျေးရွာသားအုပ်စု(၅)စုထဲမှ (၁၀)ဦးကဦးစားပေးရမည့်စီမံချက်များကို အမှတ်ပေးရပါ မည်။ အချို့သောစီမံချက်များကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များမှာ–**

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အုပ်ချုပ်ရေးကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၁။ကျေးရွာတွင်း ကွန်ကရစ်ဘောင် ချောင်းကျောက်လမ်းခင်းခြင်း | ၁၀၀ | ၁ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ် ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဖွဲ့စည်းနိုင်ခြင်း ၊<br>• ကျောက်၊သဲ၊ဘိလပ်မြေစသည်တို့ကိုဝယ်ယူရနိုင်ခြင်း ၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| **အခြေခံ အဆောက်အဦ** | ၂။ကျေးရွာတွင်း ကျန်ရှိလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း | ၈၅ | ၂ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ် ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဖွဲ့စည်းနိုင်ခြင်း ၊<br>• ကျောက်၊သဲ၊ဘိလပ်မြေစသည်တို့ကိုဝယ်ယူရနိုင်ခြင်း ၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *မီးလင်းရေးကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၃။ ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း | ၈၀ | ၃ | • မဟာဓာတ်အားလိုင်နှင့်အနီးတွင်ရှိခြင်း<br>• ရန်ပုံငွေနှင့်အခြားအထောက်အပံ့များရရှိအောင် သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာမှ လျှပ်စစ်မီးရရှိရန် စိတ်အား ထက်သန်သဖြင့် ပြည်သူထည့်ဝင်ငွေစု ဆောင်းနိုင်ခြင်း | သက်ဆိုင်ရာ ဦးစီးဌာန |
| *စိုက်ပျိုးရေးကဏ္ဍ* | | | | | |
| **အခြေခံ အရင်းအနှီး** | ၄။စိုက်ပျိုးရေးဟောပြောပွဲသင်တန်းဖွင့်လှစ်ခြင်း | ၇၅ | ၄ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ် ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | သက်ဆိုင်ရာ ဦးစီးဌာန |
| *လူငယ်နှင့်အားကစားကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၅။ စာကြည့်တိုက်တည်ဆောက်ခြင်း | ၇၀ | ၅ | • မြေနေရာရရှိရေး စည်းလုံးညီညွတ်စွာဆွေးနွေးနိုင်ခြင်း၊ကျေးရွာတွင်းပညာတက်လူဦးရေအသင့်အတင့်ရှိခြင်း၊<br>• ရန်ပုံငွေနှင့်အခြားအထောက်အပံ့များရရှိရန်သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်နိုင်ခြင်း၊ | သက်ဆိုင်ရာ ဦးစီးဌာန |

### (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထု၏ ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်း ကွန်ကရစ်ဘောင်ချောင်း ကျောက်လမ်းခင်းခြင်း | ၁ | ✔ | | | | |
| ၂။ | ကျေးရွာတွင်း ကျန်ရှိသောလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း | ၂ | | ✔ | | | |
| ၃။ | ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း | ၃ | | | ✔ | | |
| ၄။ | စိုက်ပျိုးရေးဟောပြောပွဲသင်တန်းဖွင့်လှစ်ခြင်း | ၄ | | | | ✔ | |
| ၅။ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၅ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သောအကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြ ထားပါသည်။၄င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့်ငွေရေးကြေးရေးအစီအစဉ်များပါဝင်ပါသည်။

အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါ

သည်။ စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင်ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ်အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့်အစိုးရဘတ်ဂျတ် များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ် တာကာလအတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင် အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါဇယားတွင်ဖော်ပြားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာ ဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်လုပ်ငန်း ရှင်များထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သာထည့်ဝင်မှု၊ဥပမာ-လုပ်အား၊ သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ကျေးရွာတွင်းလမ်းကွန်ကရစ်ဘီး လမ်းခင်းခြင်း | ၁၅၀ | | ✔ | | |

